## ဩဂုတ်(စ်) ၁၃ စစ်တွေဆန်ပြဿနာနေ့တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့သူ ဦးမောင်အေးချမ်းနှင့် တွေ့ဆုံမေးမြန်းခြင်း

၁၉၆၇ ခုနှစ် ဩဂုတ်(စ်) ၁၃ ရက်နေ့ ဆန္ဒပြပွဲတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ ဦးမောင်အေးချမ်းမှာ ရခိုင်ပြည် စစ်တွေမြို့မှဖြစ်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၂ နှစ်အကြာ ၁၉၅၀ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဘဝသက်တမ်းတလျှောက်လုံး ရခိုင်နိုင်ငံရေးတွင်ပါဝင်ပတ်သက်ခဲ့သဖြင့် ထောင်အကြိမ်ကြိမ်ကျခဲ့သူတစ်ဦးလည်းဖြစ်သည်။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ တည်ထောင်စဉ်က ကေဒါတစ်ဦးအနေဖြင့် စတင်ပါဝင်ခဲ့သည်။ ၁၉၈၅ ခုနှစ်မှာ ရခိုင်ပြည်အမျိုးသားလွတ်မြောက်ရေးပါတီ ရမလပ တွင်တာဝန်ထမ်းဆောင်ခဲ့သည်။ နောက်ပိုင်း ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီတွင် ပါဝင်လာခဲ့သည်။ ယခုအခါ ပန်းထိမ်ဆရာတစ်ဦးအဖြစ်ဖြင့် ဘင်္ဂလာဒေ့ချ်နိုင်ငံ ကော့စ်ဘာဇာမြို့တွင် မိသားစုနှင့်အတူ နေထိုင်နေသည်။ ဦးမောင်အေးချမ်းမှာ ဩဂုတ်(စ်) ၁၃ အရေးတော်ပုံတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူဖြစ်သဖြင့် ယခုလတွင်ကျရောက်သော နှစ်(၄၀)ပြည့်မြောက် ရခိုင်ပြည် ဆန်ပြဿနာနေ့ (သို့) ၁၃ ဩဂုတ်(စ်) အရေးတော်ပုံနေ့ အခါသမယတွင် ဩဂုတ်(စ်) ၁၃ အရေးတော်ပုံအကြောင်းအား အများသူငှာ သိရှိနိုင်ရန်အတွက် သူနှင့်တွေ့ဆုံမေးမြန်းခန်းကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

မေး။ ရခိုင်ပြည် ဆန်ပြဿနာနေ့ဟာ ဘယ်ကစပြီးတော့ ဘယ်လိုဖြစ်ပေါ်လာခဲ့တာပါလဲ။

ဖြေ။ ရခိုင်ပြည်နယ်ဟာ စပါးဆန်ရေနှင့် သားငါးပုဇွန်အလွန်ပေါကြွယ်ဝတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ၁၉၆၇ ခုနှစ်မှာ ဗိုလ်နေဝင်းစစ်အစိုးရဟာ ရခိုင်ပြည်နယ်ထဲက ဆန်စပါးတွေကို သူတို့သတ်မှတ်ထားတဲ့ဈေးနဲ့ ရခိုင်တောင်သူလယ်သမားတွေဆီက မရောင်းမနေရ အတင်းအဓမ္မ သိမ်းကျုံးဝယ်ယူပြီးတော့ အစိုးရ ဂိုဒေါင်တွေမှာ သိုလှောင်ပါတယ်။ ပြီးတော့ အဲဒီဆန်စပါးတွေကို နိုင်ငံခြားတိုင်းပြည်တွေဆီသို့ အဆက်မပြတ်ရောင်းချနေတော့ ပြည်သူတွေ ဝယ်ယူစားသောက်မဲ့ ဆန်တွေ ရှားပါးမှု အခက်အခဲနဲ့ကြုံလာရတယ်။ ငွေရှိပြီး ချမ်းသာတဲ့ပြည်သူတွေတောင်မှ ဆန်ကိုဝယ်ယူလို့မရတဲ့ အခြေအနေမျိုးကို ဆိုက်ရောက်လာပါတယ်။ ရခိုင်လူထုဟာ တခါမှ မကြုံတွေ့ဘူးတဲ့ အငတ်ဘေးကို ရင်ဆိုင်တွေ့ကြုံလာရပါတယ်။ ထမင်းငတ်ပြီးသေတဲ့ အစဉ်အလာမရှိတဲ့ ရခိုင်လူမျိုးတွေဟာ ထမင်းမစားရတဲ့အတွက် ပြိန်းဥနဲ့တောမြောက်ဥတွေ၊ မျှစ်တုတ်တွေကိုပြုတ်ပြီးတော့ စားသောက်နေရတဲ့အတွက် ဝမ်းရောဂါနဲ့သေသူသေ၊ ငတ်ပြတ်ပြီးသေသူသေ ဖြစ်လာကြပါတယ်။ တချို့ဆိုရင် အရှက်တရားကြီးမားပြီး မိသားစုတစ်ခုလုံးကို အဆိပ်ခတ်ပြီး သတ်သေသွားကြတဲ့လူတွေလည်း ရှိပါတယ်။ ရခိုင်ပြည်နယ်တစ်ခုလုံးမှာ ဆန်ပြဿနာကြောင့် အမျိုးမျိုးပြဿနာတွေ ဖြစ်ပေါ်လာကြပါတယ်။ တောင်းစားတဲ့သူမရှိတဲ့ ရခိုင်လူ့အဖွဲ့အစည်းထဲမှာ ဝမ်းရေးအတွက် အပျိုပေါက်လေးတွေပါမက သက်ကြီးသူအိုတွေပါ အရှက်အကြောက်ကင်းမဲ့စွာ ထမင်းအလှူခံစားလာကြရပါတော့တယ်။ ဒါတွေကို မြင်လာကြတဲ့ ပြည်သူတွေဟာ သက်ဆိုင်ရာ စစ်အာဏာပိုင်တွေမှတဆင့် အစိုးရဆီမှာ ဆန်ရောင်းချပေးပါလို့ အကြိမ်ကြိမ်တင်ပြတောင်းပန်ခဲ့ပေမယ့် လက်ရှိဖြစ်ပျက်နေတဲ့ ပြည်သူတွေရဲ့ အကျပ်အတည်းကို သက်ဆိုင်ရာအာဏာပိုင်တွေက မျက်ကွယ်ပြုထားခဲ့ပါတယ်။ ဒီအတွက် အာဏာပိုင်

တွေနဲ့ ပြည်သူတွေအကြားမှာ ထိပ်တိုက်ရင်ဆိုင်မှုတွေဖြစ်ခဲ့ရပြီး လူ့လောကမှာ အသက်ရှင်နေထိုင်ရေးအတွက် မရှိမဖြစ်တဲ့ အစာရေစာရရှိရေးကို ရခိုင်ပြည်သူတွေ တောင်းဆိုလာရတာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်တုန်းက တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ ဗိုလ်ချုပ်နေဝင်းဦးဆောင်တဲ့ တော်လှန်ရေးကောင်စီအစိုးရဟာ ငြိမ်းချမ်းစွာ ဆန်ရောင်းပေးဖို့တောင်းဆိုလာတဲ့ ပြည်သူတွေကို လက်နက်အားကိုးဖြင့် ရက်စက်ယုတ်မာစွာ ပစ်သတ်ခဲ့ပါတယ်။ အဲဒီနေ့ဟာ ၁၉၆၇ ခု ဩဂုတ်(စ်)လ ၁၃ ရက်နေ့ဖြစ်ပြီး ရခိုင်ပြည်သူတွေရဲ့ ရင်နင့်ဖွယ်ရာ မဟာကြီးမားတဲ့ လူ့အခွင့်အရေးချိုးဖေါက်ခံရတဲ့ နေ့တစ်နေ့အဖြစ် ကျနော်အနေနဲ့ သတ်မှတ်ခံယူထားပါတယ်။ ရခိုင်တစ်မျိုးသားလုံးအနေနဲ့ အဲဒီနေ့ကို အစဥ်မမေ့အပ်တဲ့ နေ့တစ်နေ့အဖြစ် သတ်မှတ်ထားစေလိုပါတယ်။

မေး။ စစ်အာဏာရှင် တော်လှန်ရေးကောင်စီအနေနဲ့ ဆန်ပြဿနာကို အေးဆေးစွာ ဖြေရှင်းပေးရင် ရပါရဲ့နဲ့ ရခိုင်ပြည်သူတွေကို အင်အားသုံးပြီး ဘာကြောင့် ပစ်သတ်ခဲ့ရတာပါလဲ။

ဖြေ။ စစ်အာဏာရှင်တွေကတော့ ပြည်သူတွေဟာ ဘာဘဲဖြစ်နေဖြစ်နေ သူတို့အနေနဲ့ ဆန်စပါးတွေကို နိုင်ငံတကာသို့ရောင်းပြီး နိုင်ငံခြားကငွေရရှိရေးနဲ့ ပြည်တွင်းမှာ တိုင်းရင်းသားလူမျိုးတွေနဲ့ ဖြစ်ပွားနေတဲ့စစ်ပွဲတွေမှာအသုံးပြုဖို့ စစ်လက်နက်ဝယ်ဖို့ကိုပဲ သူတို့အားကြီးနေတာကြောင့် ဖြစ်ပါတယ်။ အဲဒီနှစ်က ရခိုင်ပြည်နယ်မှာသာမက မြန်မာတစ်နိုင်ငံလုံးမှာ ဆန်စပါးအခက်အခဲတွေနဲ့ ပြည်သူတွေကြုံတွေ့ခဲ့ရတဲ့ အချိန်ဖြစ်ခဲ့ပါတယ်။ ဝေးလံတဲ့ ကျေးရွာဒေသတွေမှာဆိုရင် ထမင်းအငတ်ဘေးနဲ့ တော်တော်များများ သေခဲ့ရတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ရန်ကုန်မြို့မှာဆိုရင် စစ်အာဏာပိုင်တွေက အချိန်မှီ ထိန်းချုပ်လိုက်နိုင်တယ်လို့ ဆိုရမှာပါပဲ။

မေး။ ဗိုလ်နေဝင်းလက်ကိုင်တုတ် တိုင်းမှူး ဗိုလ်မှူးကြီးစောဖြူက ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းခံလာတဲ့ ရခိုင်ပြည်သူတွေကို ပစ်သတ်တဲ့အချိန်မှာ ကျဆုံးသွားခဲ့ကြရတဲ့ ပြည်သူတွေအရေအတွက်ကို သိပါရစေ။ အဲဒီအချိန်တုန်းက ပျောက်ဆုံးသွားခဲ့တဲ့ လူတွေကို နောက်ပြန်တွေ့ခဲ့ရပါသလား။

ဖြေ။ သူတို့ တရားဝင်ဆိုပြီး လိမ်လည်ထုတ်ပြန်တာကတော့ စုစုပေါင်း ၂၄ ဦးပဲ သေဆုံးသွားခဲ့တယ်လို့ စာရင်းထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမယ့် ရခိုင်ပြည်သူတွေ ကောက်ယူတဲ့စာရင်းအရ လူပေါင်း ၃၀၀ ကျော်ထိ သေဆုံးသွားခဲ့ပါတယ်။ ဘာကြောင့်လည်းဆိုတော့ တချို့ရပ်ကွက်တွေက မိဘဆွေမျိုးတွေဟာ သူတို့သားသမီးတွေ ဘယ်ကိုရောက်သွားသလဲ၊ သေဆုံးသွားသလား၊ ပျောက်ဆုံးသွားသလားဆိုတာကို စုံစမ်းမေးမြန်းနေတာတွေကို ကျနော်ကိုယ်တိုင် တွေ့ခဲ့ရလို့ပါပဲ။

မေး။ အဲဒီသေဆုံးသွားတဲ့ အလောင်းတွေကိုရော သူတို့က ဘယ်နေရာမှာ ဘယ်လိုပုံစံတွေနဲ့ သင်္ဂြိုလ်ခဲ့ပါသလဲ။

ဖြေ။ အလောင်းတွေကို ပထမ အဲဒီလမ်းမထက်မှာပဲ ဒီအတိုင်းပစ်ထားပါတယ်။ ပြီးတော့ စစ်ကားကြီးတွေရောက်လာတယ်။ အဲဒီအချိန်မှာ ဒဏ်ရာရတဲ့သူတွေက '' ကျနော်မသေသေးပါဘူး။ ဆေးရုံကိုပို့ပေးပါ။ ဆေးကုရင်ကောင်းနိုင်ပါသေးတယ်''လို့ အော်ဟစ်ပြီး အကူအညီတောင်းခံပေမယ့် သေဆုံးပြီဖြစ်တဲ့ အလောင်းတွေနဲ့ မသေသေးတဲ့လူတွေကိုပါ ဆန်အိတ်ကို ကားပေါ်တင်တဲ့အတိုင်းပဲ တပုန်းပုန်းနဲ့ မြှောက်တင်ပြီး စစ်တွေမြို့ ပင်လယ်ကမ်းနားမှာရှိတဲ့ အုန်းတောကြီးထဲကိုယူသွားပြီး အရှင်ရော အသေအလောင်းတွေကိုပါ တခါတည်း ဓါတ်ဆီလောင်းပြီး မီးရှို့အစဖျောက်လိုက်တယ်လို့ သိရှိရပါတယ်။

စစ်တပ်က ဩဂုတ်(စ်)လ ၁၃ ရက်နေ့မှာ ပစ်သတ်ခံခဲ့ရတဲ့ မိန်းမနဲ့ယောကျ်ားအလောင်း ၂၄ ဦးကိုသာ ၁၄ ရက်နေ့မှာ စစ်တွေမြို့ ကြေးနန်းရုံးရှေ့မှာ မဏ္ဍပ်ထိုးပြီး ပြသခဲ့ပါတယ်။ အဲဒီအလောင်းတွေကို လာရောက်ကြည့်ရှုတဲ့ စစ်တွေမြို့ရှိ ကရာတေးနဲ့သိုင်းအဖွဲ့များက သူတို့ကိုယ်တိုင် အသုဘပို့ဖို့ လုံခြုံရေးယူထားတဲ့ စစ်တပ်ဆီမှာ ခွင့်တောင်းပေမယ့်လည်း စစ်တပ်က သူတို့ရဲ့ ကြီးကြပ်မှုအောက်မှာသာ သေဆုံးသွားသူများရဲ့ ဆွေမျိုးများ အနည်းငယ်ကိုခေါ်ယူပြီး စစ်တွေမြို့ သင်္ချိုင်းအနီးရှိ သရက်တောဘုန်းတော်ကြီးကျောင်းနံဘေးက မြေကွက်လပ်တစ်ခုမှာ မြေမြှုပ်သင်္ဂြိုလ်ခဲ့ပါတယ်။

မေး။ ဆန်ရရှိရေးအတွက် ရခိုင်ပြည်သူတွေ ဆန္ဒပြတာက ဘယ်ကနေဘယ်လိုစတင်လာပါသလဲ။

ဖြေ။ ရခိုင်ပြည် ဆန်ပြဿနာက ဩဂုတ်(စ်) ၁၂ ရက်နေ့ကတည်းက စတင်ဖြစ်ပေါ်လာတာပါ။ ပထမ စတာကတော့ ဩဂုတ်(စ်) ၁၂ ရက်နေ့ ညနေ ၃နာရီခန့်မှာပါပဲ။ အုန်းတစ်ပင်ရပ်ကွက်နားမှာရှိတဲ့ ဆတ်ရိုးကျချောင်းကမ်းနားရှိ အစိုးရဆန်ဂိုဒေါင်တွေဆီက ဆန်တွေကို နိုင်ငံခြားသင်္ဘောပေါ်သို့ တင်ဆောင်နေတဲ့ ကုန်တင် ဆန်သယ်တဲ့ရေယာဉ်ပေါ်မှာရှိတဲ့ ဆန်တွေကိုမြင်တဲ့ ရခိုင်ပြည်သူ ယောကျ်ားမိန်းမ ကလေးအပါအဝင် လူ ၁၀၀ ကျော်ခန့်ဟာ ရေယာဉ်ပေါ်တက်ပြီးတော့ ဆန်တွေကို လုကြပါတော့တယ်။ အဲဒီအချိန် ဆန်စက်ဝင်းထဲမှာ လုံခြုံရေးတာဝန်ယူနေတဲ့ ရဲတပ်ဖွဲ့တစ်ဖွဲ့ကတော့ ဟန့်တားတာမျိုးမလုပ်တော့ပဲ မျက်စိမှိတ်ပြီးတော့ အားပေးပါတယ်။ တချို့ဆိုရင် ဆန်အိတ်တွေကို ရေယာဉ်ဝမ်းခေါင်းထဲက မနိုင်မနင်းသယ်ယူလာတဲ့အတွက် ရေထဲကို လူနဲ့ဆန်အိတ်၊ ဆန်အိတ်နဲ့လူ တပါတည်း လိမ့်ကျခဲ့တာလည်း မြင်တွေ့ခဲ့ရပါတယ်။ ညနေစောင်း ၅ နာရီကျော်လောက်မှာ ဆန်လုပွဲဟာ အဆုံးသတ်ခဲ့ပါတယ်။ ထူးခြားတာကတော့ အဲဒီအချိန်မှာ စစ်အာဏာပိုင်တွေဟာ အဟန့်အတား ဘာမှပြုလုပ်ခဲ့တာမတွေ့ခဲ့ရပါဘူး။

အဲဒီနေ့ ညနေဘက် ၇နာရီကျော်ခန့်မှာ လမ်းမတော်တောင်ရပ်ကွက်က ကျောင်းဆရာမ နေအိမ်တစ်အိမ်မှာ လူငယ် ၃၀ ကျော်ခန့်စုဝေးပြီးတော့ အဲဒီအိမ်ကတဆင့် လမ်းမကြီးအတိုင်း ''ဆန်ပြဿနာဖြေရှင်းပေး၊ အရေးတော်ပုံအောင်ရမည်'' ဆိုတဲ့ ကြွေးကြော်သံတွေကို ကြွေးကြော်ပြီး ဆန္ဒပြချီတက်လာကြပါတယ်။ ရှုပရပ်ကွက်လမ်းဆုံ မြူနီစီပယ်ဥက္ကဋ္ဌ ဦးမောင်ဦးကျော်အိမ်ရှေ့ကို ရောက်လာတဲ့အခါ ဆန္ဒပြသူ ၂၀၀ နီးပါးအထိ များပြားလာပြီး ဦးမောင်ဦးကျော်အိမ်ကို ကျောက်ခဲတွေနဲ့ ပစ်ပေါက်

ကြပါတော့တယ်။ ကျောက်ခဲတွေနဲ့ ပစ်ပေါက်ရတဲ့အကြောင်းက မြူနီစီပယ်ဥက္ကဋ္ဌ ဦးမောင်ဦးကျော် ဟာ စစ်အစိုးရရဲ့ အထက်အာဏာပိုင်တွေကို စစ်တွေမှာ လူတစ်ဦးကို တစ်နေ့ ဆန်တစ်ပူးနှုန်းနဲ့ ပြတ်ဆန်နဲ့ဆန်ခွဲတွေကို ထုတ်ပေးရင်လည်း ရပါတယ်လို့ တင်ပြမှုကြောင့် ဖြစ်ပါတယ်။

အဲဒီနောက် ဗိုလ်မှူးကြီးစောဖြူ စစ်ကား ၂စီး လက်နက်အပြည့်နဲ့လာရောက်ပြီး အိုးတန်းနဲ့ ရှုပရွာ ခွဆုံမှာ ဆန္ဒပြတဲ့လူငယ်တွေကို လာရောက်ဝိုင်းလိုက်ကြပါတယ်။ ဗိုလ်မှူးကြီးစောဖြူက ဆန္ဒပြနေတဲ့ လူငယ်ခေါင်းဆောင်တွေကို ''ဆန်ပြဿနာကို ငါဖြေရှင်းပေးမယ်''ဆိုပြီး ကတိပေးပါတယ်။ ဆန္ဒပြသူ တွေကိုလည်း လူစုခွဲပြီး အိမ်ပြန်ကြရန်ပြောပါတယ်။ အဲဒီအချိန်က ညဉ့် ၁၀နာရီနီးပါးရှိနေပါပြီ။

မနက်မိုးလင်း ဩဂုတ်(စ်)လ ၁၃ ရက်နေ့ရောက်တော့ ကျနော်တို့ ပြည်လုံးချမ်းသာဘုရားကြီးမှာ စု ကြပါတယ်။ အဆင်သင့်အနေဖြင့် လမ်းမတော်မှ လူငယ်ခေါင်းဆောင် အဖွဲ့တစ်ခုမှ ခြုပ်ပြီးသား ပိတ် စ အစိမ်းရောင် အလျား ၈ တောင်နဲ့ အနံ ၃ တောင်ခန့်ရှိတဲ့ ဆိုင်းဘုတ်တစ်ခု သယ်ယူလာခဲ့ပါ တယ်။ အဲဒီဆိုင်းဘုတ်မှာ '' ဆန်ပြဿနာ ဖြေရှင်းပေး၊ အရေးတော်ပုံ အောင်ရမည်'' လို့ ရေးသား ထားပါတယ်။

ကျနော်တို့လူစုဟာ ဆိုင်းဘုတ်ကို ရှေ့ဆုံးမှကိုင်ဆောင်ပြီးတော့ စစ်တွေ ဘုရားကြီးမှ ဒိုးဝန်းရွာရပ် ကွက် ဆန်စက်ရုံ သင်္ဘောဆိပ်လမ်းအတိုင်း ''ဆန်ပြဿနာ ဖြေရှင်းပေး၊ ပြတ်ဆန်မစား ရခိုင်သား၊ ဆန်ခွဲမစား ရခိုင်သား'' ဆန္ဒပြပြီးတော့ ဆန်ရရှိရေးကြွေးကြော်သံတွေကို ကြွေးကြော်ပြီး လမ်းမကြီး အတိုင်း စီတန်းလမ်းလျှောက် ချီတက်လာခဲ့ကြပါတယ်။ အဲဒီနေ့ဟာ ဥပုသ်နေ့ဖြစ်တဲ့အတွက် ဥပုသ် သည်တွေကိုယ်တိုင်က ရှေ့ဆုံးကနေ ဥပုသ်သီလနဲ့ ကြွေးကြော်သံတွေ ကြွေးကြော်ပြီး လိုက်ပါလာ ကြပါတယ်။

ကျနော်တို့ ပြည်သူတွေဟာ မြို့မ အမှတ်(၁)ရဲစခန်းရှေ့ရောက်တဲ့အခါမှာ စခန်းမှာရှိတဲ့ရဲတွေက သူ တို့ ရဲဌာနရဲ့ပတ်ပတ်လည် လုံခြုံရေးချထားတာကို တွေ့ခဲ့ရပြီး သူတို့အနေနဲ့ဘာမှ လိုက်လို့ အ နှောက်အယှက်ပေးတာမျိုး မရှိပါဘူး။ အဲဒီကတဆင့် ဆန္ဒပြလူအုပ်ကြီးဟာ ဦးဥတ္တမပန်းခြံ၊ အဲဒီက တဆင့် လှခိုင်ဆရာတော် ဘုန်းတော်ကြီးကျောင်းခွဆုံ၊ အဲဒီကတဆင့်လှည့်ပြီး စစ်တွေမြို့ ထောင်ရှေ့ ကဖြတ်လျှောက်ကာ ပလုပ်တောင်ခွဆုံကို ချီတက်ခဲ့ကြပါတယ်။ ပလုပ်တောင်ခွဆုံမှာ ပြည်သူတွေက ပေးဝယ်နေတဲ့ရေအလှူတွေကို သောက်သုံးပြီး ရှေ့ကိုချီတက်ကြပါတယ်။ တစ်မြို့လုံးကလူတွေ ပူး ပေါင်းပါဝင်လာတဲ့အတွက် ဆန်ရရှိရေးဆန္ဒပြသူ လူတန်းဟာ တဖြည်းဖြည်းများလာပြီးတော့ အစနဲ့ အဆုံးကိုမမြင်ရတော့ပါဘူး။ ခန်းမှန်းခြေအရ ပြောရမယ်ဆိုရင် လူပေါင်း အနည်းဆုံး ၃၀၀၀၀ ခန့် လောက်ရှိပါလိမ့်မယ်။

ဆန္ဒပြလူအုပ်ကြီးဟာ လေယာဉ်ကွင်းရှေ့ကိုဖြတ်လျှောက်ပြီး စစ်တွေမြို့ရှိ မီးစက်ကြီးခွဆုံမှ မူဆလင် ဘာသာဝင်အများဆုံးနေထိုင်တဲ့ နာဇီရွာလမ်းအတိုင်း ဖြတ်လျှောက်လာတဲ့အခါ မူဆလင်ဘာသာဝင် တွေလည်း ဆန္ဒပြသူတွေနဲ့ ပူးပေါင်းပါဝင်လာပြီး ဆန္ဒပြလူအုပ်ကြီးဟာ အဆမတန်များပြားလာပါ တယ်။ ကသဲခွဆုံကနေ ကုန်တန်းရပ်ကွက် ''မြ'' ဆန်စက်ရှေ့ကို ဆန္ဒပြလူအုပ်ကြီးရောက်တဲ့အခါ

စစ်တပ်က လမ်းပေါ်မှာ သံဆူးကြိုးတွေကာရံထားပြီး အသင့်အနေအထားနဲ့နေရာယူထားတာကို တွေ့ရပါတယ်။

စစ်တပ်က ရှေ့ကိုဆက်မသွားဖို့တားဆီးပြီး သေနတ်တွေကိုချိန်ပြီး နေရာယူထားတဲ့အတွက် ဆန္ဒပြသူတွေနဲ့ မဆလ စစ်တပ်အကြား တင်းမာမှုတွေဖြစ်ပေါ်လာပါတယ်။ ချက်ချင်းဆိုသလို နောက်က အမိန့်ပေးသံထွက်ပေါ်လာပြီး အသင့်နေရာယူထားတဲ့စစ်တပ်ဟာ ကျနော်တို့ ဆန္ဒပြနေတဲ့လူအုပ်ကြီးကြားထဲကို သူတို့ကိုင်ဆောင်ထားတဲ့ နေဝင်းစတန်း ကာဘိုင် မောင်းပြန်သေနတ်တွေနဲ့ အချက်ပေါင်း မြောက်များစွာ တရစပ် ပစ်ခတ်ပါတော့တယ်။ သေနတ်သံနဲ့အတူ လဲသူလဲ၊ အော်သူအော်၊ ပြေးသူပြေးနဲ့ အခြေအနေဟာ ချက်ချင်းဝရုန်းသုန်းကားဖြစ်သွားပြီးတော့ ဆန္ဒပြသူတွေရဲ့ နီရဲနေတဲ့ သွေးတွေဟာ မဲနက်တဲ့ကတ္တရားလမ်းပေါ်မှာ ရေစီးကြောင်းကြီးတစ်ခုလို စီးကျသွားပါတော့တယ်။ ဒဏ်ရာပြင်းထန်တဲ့လူတွေကတော့ ချက်ချင်း ပစ်သတ်ခံလိုက်ရတဲ့နေရာမှာ ပွဲချင်းပြီးသေဆုံးသွားပြီး ဒဏ်ရာအနည်းအကျဉ်းရရှိသူတွေက အသက်လွတ်အောင် ထွက်ပြေးပေမယ့် နောက်က တစ်ချက်ချင်း လိုက်လံပစ်ခတ်နေတဲ့ မဆလ စစ်သားတွေရဲ့ပစ်ခတ်မှုကြောင့် မလွတ်တော့ဘဲ သူတို့လည်း တခြားသေဆုံးနေသူတွေအပေါ် လဲပြိုကျသွားပါတော့တယ်။ နောက်ဆုံးမှာတော့ ဆန္ဒပြမှုတစ်ခုလုံး ပျက်ပြားသွားပြီး လူအုပ်ကြီးဟာလည်း ကွဲသွားကြပါတော့တယ်။

မေး။ ရခိုင်ပြည်သူတွေကို ဘာတွေများ ပြောကြားချင်တာတွေ ရှိပါသလဲ။

ဖြေ။ အခုလို ရခိုင်ပြည်သူတွေရဲ့ ဆန်ပြဿနာကို ငြိမ်းချမ်းစွာ အသက်ပေးပြီး သက်စွန့်ဆံဖျား တရားမျှတစွာ တိုက်ပွဲဝင်ခဲ့တဲ့ ကျွန်ုပ်တို့ရဲ့ ကျဆုံးသွားခဲ့တဲ့ သူရဲကောင်းတွေကို ဩဂုတ်(စ်)လ ၁၃ ရက်နေ့ရောက်တိုင်း အောက်မေ့ဂုဏ်ပြုဖို့နဲ့ မမေ့ကြဖို့ ပြောကြားချင်ပါတယ်။